# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့။

ယနေ့ အောက်တိုဘာလ (၂) ရက်နေ့ ဒီးမော့ဆိုမြို့နယ်၊ ထီးလွီးဘီလာနှင့် ငွေတောင်ရွာသစ်ကျေးရွာ အကြား တွင် ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် KA၊ KNDF တို့မှ ခုခံတိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲ (၁၇း၀၀) နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ပြီး နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု တစ်နာရီနားပါးခန့်ကြာမြင့်ခဲ့ပါသည်။

တိုက်ပွဲအတွင်းအကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ အနည်းဆုံး (၂) ဦးခန့်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ပါသည်။ ယနေ့တိုက်ပွဲ အတွင်း မိမိတို့ဘက်မှ ထိခိုက်ကျဆုံးမှုမရှိခဲ့ပေ။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များဖက်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုမြို့နယ် ငုပလေ့ကန်ဘက်မှ တစ်ကြောင်းနှင့် ဒေါတမငယ်၊ ခြေရာတော်ဘုရားတောင်ဘက်မှ တစ်ကြောင်း စုစုပေါင်း စစ်ကြောင်းနှစ်ကြောင်းဖြင့် ငွေတောင်ရွာသစ်ဘက်သို့ ထိုးစစ်ဆင်လျက်ရှိပါသည်။ တိုက်ပွဲအပြီး အကြမ်းဖက်စစ်ကောင်စီတပ်များသည် ငွေတောင်ရွာသစ်ကျေးရွာအနီးရှိ တောင်ပေါ်တွင်တပ်စွဲလျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။